သမ္မတဖြစ်လိုသူများအတွက်

# စစ်ရေးအမြင်

နှင့်

# အခြားကျင့်စဉ်များ



ဒေါက်တာထွန်းဝင်း

## စာရေးသူ၏ အမှာ

ဤစာအုပ်၏ အမည်က သမ္မတဖြစ်လိုသူများအတွက် စစ်ရေး အမြင်နှင့် အခြားကျင့်စဉ်များဖြစ်ရာ အပိုင်း(၂)ပိုင်းခွဲခြားလိုပါသည်။ ပထမပိုင်းက အနာဂါတ်တွင် နိုင်ငံတော်သမ္မတဖြစ်သူ လူငယ်များ အတွက် စစ်ရေးအမြင်ဟူသောဆောင်းပါးဖြစ်ရာ ၄င်းအတွက်အမှာ ကတော့ သက်ဆိုင်ရာ ဆောင်းပါး၌ ဖော်ပြပြီးဖြစ်ပါသည်။ ဒုတိယ အပိုင်းကတော့ သမ္မတဖြစ်လိုသူများအတွက် အခြားကျင့်စဉ်များဆို တာနှင့်စပ်လျဉ်း၍ အမှာရေးရလျှင် သမ္မတဆိုသည့်စကားအဓိပ္ပါယ် အကြီးအမှူးဟူ၍ ဖြစ်ရာ သမ္မတကြီးအိုဘားမား၊ သမ္မကြီးပူတင် စသည့်တို့၏ ရာထူးမျိုးကို နိုင်ငံတော်သမ္မတဟုရေးပါမှ ပိုမိုပြည့်စုံ ပါမည်။ သမ္မတကို အင်္ဂလိပ်ဝေါဟာဖြင့် PRESIDENTဟုခေါ်ရာ နိုင်ငံတော်အဆင့်အကြီးအမှူးမဟုတ်သော အင်ဂျီအို ဥက္ကဋ္ဌနှင့် ဥက္ကဋ္ဌ အမျိုးမျိုးတို့သည် PRESIDENT ဟု ခေါ်လေ့ရှိပါသည်။ မည်သို့ပင် ဖြစ်စေ အကြီးအမှူးအဖြစ် စီမံခန့်ခွဲရသော သဘာဝ ကတော့ အနည်း နဲ့ အများတူကြပါသည်။ အချိန်တစ်ခုတွင် နိုင်ငံတစ်ခု၌ နိုင်ငံတော် သမ္မတတစ်ယောက်တည်းသာဖြစ်ရာ နိုင်ငံတော်သမ္မတဖြစ်ရန်အခွင့် အလမ်းသည် အလွန်ခက်ခဲမည်ဖြစ်သော်လည်း ဥက္ကဋ္ဌရာထူးအမျိုးမျိုး နေရာတွေကတော့ အနာဂါတ်မှာ လူငယ်များစွာကလုပ်ရတော့မည် ဖြစ်ရာ ဤစာအုပ်သည် လူငယ်တော်တော်များများကို အထောက်အပံ့ ပြုမည်ဟု ယုံကြပါသည်။

အပင်မြင့်လေ လေတိုက်လေ ဖြစ်တယ်ဟု ဆိုရိုးရှိရာ သမ္မတ၊ ဥက္ကဋ္ဌ လုပ်ကြမည့်သူများသည် များစွာသော စိန်ခေါ်မှု၊ သွေးတိုးစမ်းမှု၊ အန္တရာယ်စွန့်စားခြင်း စသည်များနှင့်ရင်ဆိုင်ရမည် ဖြစ်ပါသည်။ အမေရိကန်သမ္မတကြီးများဖြစ်ကြသော အီဗရာဟင်၊ လင်ကွန်း၊ ဂျွန်အက်ကနေဒီ စသူတို့သည် လုပ်ကြံခြင်းပင်ခံရခဲ့ရပါ သည်။ ဤသို့သာ ကိစ္စမျိုးကို

ကျော်လွှားနိုင်ရန် သမ္မတကြီးတို့၏ ပညာ၊ ဉာဏ်၊ သတိ၊ သီလ၊ အမြင်၊ သုတ၊ သစ္စာပြုပုံတို့ဖြင့် ကျော်လွှား ရပါမည်။ ဤစာအုပ်၌ ပညာ၊ ဉာဏ်၊ သတိ၊ သီလ အမြင်၊ သုတ ကျင့်စဉ်များကို ဖော်ပြရာ၌ ဘုရားဟောပရိတ်ကြီး (၁၁)နှင့် ဆက်စပ် ဖော်ပြထားပါသည်။

သမ္မတလုပ်လိုသည်ဖြစ်စေ၊ မလုပ်လိုသည်ဖြစ်စေ လူတိုင်း ကျင့်ကြံအပ်သော ကျင့်စဉ်များဖြစ်သည်ဟု ဆိုချင်ပါကြောင်း . . .။

# နေရာလိုချင်သူများနှင့် မင်္ဂလသုတ် ဆက်စပ်ပုံ

နေရာလုတယ်ဆိုတာနဲ့ ရိုးသား စွာ ယှဉ်ပြိုင်ခြင်းဆိုတာ အမြဲပွာယ် မတူပါဘူး။

ကျွန်တော်(၁၆)နှစ်သားဘဝတုန်းက ဆယ်တန်းကျောင်းသား ပါ။ အဲဒီ တုန်းက ကလေးလူငယ်ဆိုတော့ နေရာလုတာတွေဘာတွေ နားမလည်ခဲ့ရပါဘူး။ ဒါပေမဲ့ ဆယ်တန်းအောင်မြင်ပြီးရင် ဆေးတက္ကသိုလ် မှာ ကျောင်းတက်ခွင့်တစ်နေရာတော့လိုချင်တယ်။ ဒီတော့ရိုးရိုးပဲ ကြိုး စားခဲ့ရပါတယ်။ အဲဒီ တုန်းက ဆယ်တန်းဖြေတဲ့သူက နှစ်သိန်း၊ ထို ခေတ်က ဆေးတက္ကသိုလ်အားလုံးမှာလက်ခံတဲ့အရေအတွက်က (၅၅၀) ဆိုတော့ယှဉ်ပြိုင်မှုတော့ရှိပါတယ်။

နေရာတစ်ခုအတွက် တံတောင်နဲ့တွက်တယ်ဆိုခြင်းရဲ့ဥပမာ ဥပမာ- ပစ္စည်းတစ်ခုကိုဝေမယ်ဆိုရင် လိုချင်သူတွေတန်းစီ ရပါတယ်။ တန်းစီတဲ့သူတွေက နေရာကိုကျော်တက်ကြတယ်။ ဒီတော့ အချင်းချင်း တံတောင်နဲ့တွက်တယ်။ ဒီတော့ ရန်ဖြစ်ကြတယ်။ ဒီတော့ ခြေထိုးခံ၊ သပ်လျှို၊ ခွက်စောင်းခုတ် စတာတွေဟာ နေရာလုသူတွေရဲ့ သဘာဝ ဖြစ်ပါတယ်။

နေရာမလိုချင်ကြသူများလည်း ရှိပါတယ်။

စာရေးဆရာကြီး ဒဂုန်တာရာကို လွတ်လပ်ရေးခေတ်ဦးက မြို့အုပ်ရာထူးပေးရာ ဆရာကြီးက ငြင်းပယ်ခဲ့ပါတယ်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ လွတ်လပ် ရေးရပြီးရင် နိုင်ငံရေးလောကမှထွက်ပြီး စာရေးဆရာလုပ်မယ်လို့ဆို တော့ အစိုးရအဖွဲ့အတွင်းက နေရာတစ်နေရာကိုမလိုချင်တာထင်ရှား ပါတယ်။ ကျွန်တော့်ရဲ့ အသက်(၁၄)နှစ်သားတုန်းက ရှစ်တန်းကျောင်းသား ဘဝမှာ

(၁၄)နှစ်အရွယ် ကျောင်းသူမိန်းကလေးတစ်ယောက်ကို ရည်းစားစာပေးဖူးတယ်။ သူကကျွန်တော့်ကို အဖြူအမည်းကွဲပြားတဲ့ အဖြေမပေးပါ။ စိတ်ဝင်စားဟန်လည်းသိပ်မပြပါဘူး။ ဒီတော့ ကျွန်တော်စဉ်းစားတယ်။ သူရဲ့နှလုံးသားမှာ ကျွန်တော့်အတွက်နေရာ မရှိဘူးထင်လို့ အခြားတစ်ယောက်ကို ကျွန်တော်ပြောင်းကြိုက်လိုက် ပါတယ်။ ဒီတော့ သူကစိတ်ဆိုးသွားတယ်။ အချစ်နဲ့ပတ်သက်ပြီးခွဲ မရှိတာဟာ တကယ်မချစ်လို့ပေါ့ဆိုပြီး တချို့ကဝေဖန်ကြသေးတယ်။

ထိုစဉ်တုန်းက ထွန်းဝင်းဟာဖွဲ့မရှိတာမဟုတ်ဘူး။ ဇော်ကား တာလည်းမဟုတ်ဘူး။ နေရာမလုတာပါ။ သူရဲ့နှလုံးသားမှာ မိမိအတွက် နေရာမရှိဘူးထင်လို့ သူရဲ့ဘေးမှာ ဝိုင်းဝိုင်းလည်နေတဲ့ ပုရိသယောကျ်ား သားတွေကို တံတောင်နဲ့မကွက်၊ ခြေထိုးမခံချင်တာပါသူ။ သူကျေနပ် နိုင်ပါစေ။ ကျွန်တော်ဆရာဝန်ဖြစ်ပြီး ဆမရတဲ့အခါကျတော့ လက်ထောက် ဆရာဝန်ရာထူးအတွက် လျှောက်လွှာခေါ်တော့ ခန့်မယ့်နေရာအရေ အတွက်က (၄၀၀)ခန့်ဖြစ်ပြီး လျှောက်ထားသူက တစ်ထောင်ကျော် ဖြစ်လို့ ရာထူးအတွက် စာမေးပွဲဖြေရပါတယ်။

နေရာတစ်ခုအတွက် စာမေးပွဲမဖြေချင်တော့ပါဘူး။ စားမေးပွဲ ဖြေရတာကို နေရာလုတယ်လို့ပြောတာမဟုတ်ဘူးနော်။ ရိုးသားစွာ ယှဉ်ပြိုင်ရတယ်လို့ပြောတာပါ။ ဒါပေမဲ့ ရိုးသားစွာတောင်မယှဉ်ပြိုင် လိုတော့ပါဘူး။ ဒါနဲ့ယှဉ်ပြိုင်စာမေးပွဲဖြေစရာမလိုတဲ့ ဒေသကိုထွက်လာ ခဲ့တယ်။ အဲဒီ ဒေသကတော့ ဆရာဝန်မရှိတဲ့ ကျေးလက်ဒေသပါ။ ဒါပေမဲ့ အဲဒီ ဒေသမှာ ဒေါက်တာရမ်းကုတွေက များစွာရှိနေတာကိုတွေ့ ရပါတယ်။ ဆရာဝန်အချင်းချင်း မယှဉ်ပြိုင်လိုဘူးဆိုခါမှ ဒေါက်တာ ရမ်းကုတွေနဲ့ယှဉ်ပြိုင်ရပြန်ပြီ။ သြော် ဆိုးဝါးလိုက်တဲ့ဘဝပါလားရယ် လို့ညည်းညူမိပါသေးတယ်။ ဒီလိုနဲ့ NGO တို့ ကုလသမဂ္ဂစီမံကိန်း တို့မှာ ဆယ်နှစ်ဆက်တိုက်အလုပ်လုပ်ခဲ့သေးတယ်။ စီမံကိန်းပိုင်ငွေ တွေအများကြီး

ကိုင်သုံးခဲ့ရပါတယ်။ သို့သော် ငွေရေးကြေးရေးအကျင့် ပျက်ခြစားတာနဲ့ပတ်သက်လို့ ဘာအနံ့မှမထွက်ခဲ့ပါဘူး။ ဒါပေမဲ့ တခြားအနံ့တစ်မျိုးက ကြောင်ချေးနံ့နံ့သလို စူးရှရှနဲ့အနံ့ထွက်လာပါ တယ်။ အဲဒါကတော့ ဒေါက်တာထွန်းဝင်းရဲ့ မိန်းမကိစ္စအပုပ်နံ့ပါ။ ပုပ်လို့ပေါ် ဟုတ်လို့ကျော်တာတော့မဟုတ်ဘူး။ ဟိုက်ဒရိုဆာလ်ဖိုက် ခေါ် ဘဲဥပုပ်နံ့ကိုဓာတ်ခွဲခန်းမှာလူတွေဖန်းတီးလို့ရသလိုပါပဲ။ လူသား တွေလုပ်တဲ့အပုပ်နံ့ဖြစ်နေတယ်။ ဒီနေရာမှာ ရုပ်ရှင်တစ်ကားကိုသတိရ မိပါတယ်။ တရုတ် ရုပ်ရှင်မင်းသားကြီး ချောင်ယွန်ဖတ်က နန်းတွင်း အရာရှိအဖြစ်နဲ့သရုပ်ဆောင်တော့ တခြားအရာရှိတစ်ဦးက ကျောက်စိမ်း တုံးအကွဲလေးကို ချောင်ယွန်ဖတ်ထံ ပို့ခို င်းပြီး ဘုရင်ကပို့ခိုင်းတာဆို ပြီး လီဆယ်ခိုင်းပါတယ်။ ကျောက်စိမ်းအကွဲလေးဟာ လမ်းခွဲတဲ့အထိမ်း အမှတ်လို့ဆိုပါတယ်။

ဒီတော့ ချောင်ယွန်ဖတ်ကသုံးသပ်ပါတယ်။ ဘယ်လိုလဲဆို တော့ ''ငြော်င့်ါကို နန်းတော်ကြီးထဲက ထွက်သွားစေချင်တဲ့လူတစ် ယောက်ယောက်တော့ရှိနေပြီ''လို့သုံးသပ်ပါတယ်။ ကျွန်တော်ရဲ့မိန်းမ ကိစ္စအပုပ်နံ့ထွက်လာတော့ ''ငြော် င့်ါကို ဒီရာထူးကနေ စွန့်ခွာသွား စေချင်တဲ့သူတစ်ယောက်ယောက်တော့ ရှိနေပြီ''လို့သုံးသပ် လိုက်ပါတယ်။ ယခုတော့ ကျွန်တော်ဟာ "FREELANCECON-SULTANT TOCOMPANIES & NGOS" (ရေတိုအကြံပေး) လုပ်ရင်း ဆောင်းပါးရေးတာ ပုဒ်ရေ (၇၀၀)ကျော်သွားပါပြီ။ ကျန်းမာ နေသေးသရွေ့တော့ အလုပ်လုပ်ဆဲ၊ စာရေးဆဲပါ။ ဒါပေမဲ့ ရုပ်ရှင် မင်းသားကြီး ချောင်ယွန်ဖတ်က ဇာတ်ဝင်ခန်းတစ်ခုမှာပြောခဲ့တာက တော့ ''လောကကြီးမှာ အမြဲတမ်းဆုပ်ကိုင်ထားနိုင်တဲ့အရာဆိုတာ ဘာမှမရှိဘူး''လို့ဆိုပါတယ်။

နေရာလုချင်သူတွေအတွက် သင်ခန်းစာယူစရာပါ။ ကျွန်တော် ကိုင်ထားတဲ့ကလောင်လေးတစ်ချောင်းကိုတောင် ကျွန်တော်အသက် ကြီးလို့

သူငယ်ပြန်သွားရန် စွန့်လွှတ်လိုက်ရမှာပါ။ ENVOY ဂျာနယ် ၁၄.၃.၂၀၁၃ အရ သိရတာ ကတော့ အထင်ရနိုင်ငံရေးသမားတစ်ဦး ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကတော့ ဒီလိုပြောပါတယ်။ ''နိုင်ငံရေး လုပ်တယ်ဆိုတာ ယုံကြည်ချက်အတွက် အရာရာတိုင်းကို စွန့်လွှတ်ရဲ ရတယ်''လို့ဆိုပါတယ်။ ဆိုလိုတာကတော့ နိုင်ငံရေးဆိုတာ နေရာနဲ့ အခွင့်အရေးအတွက်မဟုတ်ဘူး။ တာဝန်နဲ့စွန့်လွှတ်မှုအတွက်ပဲဖြစ် တယ်လို့ဆိုလိုဟန်တူပါတယ်။ ဒသနကောင်းတွေကို ပြောပြသော တရုတ်မင်းသားကြီး ချောင်ယွန်ဖတ်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို ကျေးဇူးတင်စရာပါ။ နိုင်ငံရေးသမားများ ၂၀၁၅ ခုနှစ်မှာ ကိုယ်စား လှယ်လောင်းယှဉ်ပြိုင်ကြရပါဦးမည်။ အားလုံးဟာနေရာအတွက် မဟုတ်ဘဲတာဝန်အတွက် ယှဉ်ပြိုင်ခြင်းရယ်လို့ ယုံကြည်စွာနဲ့ကြိုတင် ဂုဏ်ပြုလိုက်ပါတယ်။

အမြဲတမ်းမင်္ဂလာရှိတဲ့ နေရာတစ်နေရာဆိုတာဘာလဲ
ဲ

သတ္တဝါတွေအားလုံးဟာ သံသရာရဲ့ခရီးသည်တွေပါ။ နိဗ္ဗာန် မရောက်သရွေ့သံသရာဝဲဂယက်ထဲမှာ နေရာကိုယ်စီရှိပြီးသားပါ။ ဘယ်နေရာမှာပဲနေနေ (၃၈)ဖြာမင်္ဂလာတရားတော်နဲ့အညီ နေထိုင်ရင် မင်္ဂလာရှိတဲ့နေရာတစ်နေရာအလိုလိုရပြီးဖြစ်ပါတယ်။ ကဲ နေရာလုစရာ လိုသေးလားခင်ဗျာ။ (၃၈)ဖြာထဲမှာ မင်္ဂလာတစ်ခုကတော့ ရသမျှနှင့် ရောင့်ရဲခြင်းဟာ မင်္ဂလာတစ်ပါးလို့ဆိုပါတယ်။ ရောင့်ရဲနေရင် နေရာ မလိုတော့ဘူးပေါ့။ ဒီတော့ မင်္ဂလာရှိတဲ့နေရာရသွားပါပြီ။

တစ်ဖန် မကောင်းမှုကို မကြံစည်ခြင်း၊ မကောင်းမှုကိုမပြု လုပ်မပြောဆိုခြင်းတို့ဟာ မင်္ဂလာမည်ပါတယ်လို့ မြတ်စွာဘုရားက ဟောပါတယ်။ ဒီတော့သူများကို မိမိနေရာရဖို့မကောင်းကြံ၊ ခြေထိုးခံ၊ တံတောင်နဲ့မတွက်ရင် မင်္ဂလာရှိတယ်လို့ထင်ပါတယ်။ ပြီးတော့သူများ ကို

မိန်းမကိစ္စနဲ့အပုပ်နံ့ထွက်အောင်ပြောတာမျိုးကတော့ မင်္ဂလာဘယ် ရှိတော့မှာလဲ။
မဟုတ်ဘူးလားကွယ်တို့ရယ်လို့ မေးလိုက်ချင်ပါကြောင်း။

## ၂။ ပုဗ္ဗဏှသုတ်နှင့် ကျေးလက်ဒေသကျန်းမာရေးဆက်စပ်ပုံ

ကျွန်တော်သည် ၂၀၁၃ ဧပြီလတွင်းတစ်ခုသော နံနက်ခင်း မှာ လူထုပုံရိပ်ဂျာနယ်ကိုဖတ်ကြည့်ရာ Vol(1)No(29) ၌ စာမျက်နှာ ၁၅ တွင် ရေးထားချက်မှာ တိုင်းပြည်၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှု အတွက် ပြည်ပရောက်မြန်မာဆရာဝန်များ ခေတ္တပြန်လာကာ ဆေး ပညာကူညီလေ့ကျင့်ဖြန့်ဝေပေးစေလိုကြောင်း ဒေါ်အောင်ဆန်းစုကြည် က ဧပြီလ ၆ ရက၌ PARK ROYALHOTEL ၌ ပြောကြားကြောင်း သိရပါတယ်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ဆေးရုံ အသစ်များဆောက်လုပ်နေခြင်းထက် ဆရာဝန်၊ သူနာပြုများကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများကို ဝေးလံခေါင်သီသောဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်နိုင်စေမည့် အချက်များကိုလုပ်ဆောင် ပေးခြင်းက ပို၍ အရေးကြီးကြောင်း၊ NLDကျန်းမာရေးကွန်ရက်အနေ ဖြင့် ဆရာဝန်ကောင်းကောင်းမရှိသည့် ဒေသများသို့ အရ ည်အချင်းပြည့် ဆရာဝန်များ စေလွှတ်ပေးမည့်အပြင် ဆေးဝါးလိုအပ်ချက်ရှိသော ဆေးရုံများသို့ ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်း စုကြည်က ကွန်ရက်၏ လုပ်ဆောင်မည့်အစီအစဉ်ကို ပြောပြသည်ဟု သိရပါတယ်။

ကျွန်တော်ဟာ မြန်မာပြည်ရဲ့ဝေးသီခေါင်ဖျားဒေသတွေမှာ နှစ်ပေါင်းများစွာနေထိုင်၍ ဆရာဝန်လုပ်ဖူးတော့ ကျေးလက်ပြည်သူ တွေရဲ့ထမင်းကိုစားခဲ့လို့ သူတို့ဟာ ကျေးဇူးရှင်ဖြစ်တယ်။ ဒီတော့ ကျေးဇူးရှင်တွေရဲ့ကျန်းမာရေးကိစ္စကို ကွန်ရက်တစ်ခုက စေတနာဖြင့် ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန် ဆန္ဒဖြင့် ကျေးဇူးရှင်တို့၏ ကျေးဇူးကို တစ်စိတ်တစ်ဒေသဆပ်သောအားဖြင့် ယခုဆောင်းပါးကို တင်ဆက်လိုက်ပါသည်။

နိုင်ငံခြားကခေတ္တပြန်လာတဲ့ ဆရာဝန်ဖြစ်စေ၊ ပြည်တွင်း က စေတနာ့ဝန်ထမ်းဆရာဝန်ဖြစ်စေ ကျေးလက် ဒေသမှာ အလုပ်လုပ်မယ်ဆိုရင် ဗေဒင်ရက်တိုသင်တန်းတက် ထားရင် ပိုကောင်းပါတယ်။

တစ်ခါက ကျွန်တော်သည် ရွာကြီးတစ်ရွာ၌ ဆေးခန်းဖွင့် နေစဉ် သတိလစ်လူနာ၊ မြွေကိုက်လူနာတွေကိုပါ ကုသရသဖြင့် လူနာ တစ်ချို့ကိုပြန်လွှတ်၍ မရဘဲ ဆေးခန်း၌ ညအိပ်စေရပါတယ်။ တစ်နေ့ တော့ ကျွန်တော့ဆေးခန်းရဲ့ မြောက်ဘက်တစ်မိုင်ခန့်အကွာမှာ လူ တစ်ယောက် မြွေပွေးကိုက်ရာ ကျွန်တော်ထံသို့ ရောက်မလာပါ။ တကယ်လာလို့လှည်းနဲ့လာရင် ဆယ်မိနစ်ခရီးပါ။ ဒါပေမဲ့ မလာတဲ့ အကြောင်းက အဲဒီ နေရာက ဒေါက်တာရမ်းကုကပြောတာကတော့ ယခုအခါမှာ နဂါးခေါင်းမြောက်ဘက်လှည့်တယ်။ ဒေါက်တာထွန်းဝင်း ရဲ့ဆေးခန်းကိုသွားရင်တော့ နဂါးခေါင်းထဲဝင်သလိုဖြစ်ပြီး ဒီနေ့ဟာ ပြဿဒါးနေ့လည်းဖြစ်တော့ ခန္ဓာပျက်ကိန်း(သေကိန်း)ရှိတယ်လို့ပြော လို့ လူနာကမလာရဲဘူး။ ဒါနဲ့အသက်ဆုံးရှုံးသွားပါတယ်။ တကယ် တော့ အဲဒီ အချိန်မှာ ကျွန်တော်ဟာ အဲဒီ ဒေသမှာ မြွေကိုက်လူနာပေါင်း (၄၀)ခန့်ကိုကုခဲ့ရာ အသေအပျောက်လုံးဝ (လုံး၀)မရှိခဲ့လို့ နာမည် တစ်ခုရနေပါပြီ။ ဒီတော့ မြွေကိုက်လူနာဆိုရင် ဒေါက်တာထွန်းဝင်း ဆီသွားမယ်ဆိုတာ ဒေါက်တာရမ်းကုက ကြိုသိနေလို့ သူ့ဘက်က တစ်ကွက်ရွှေ့လိုက်ပြီဖြစ်ပါတယ်။

တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ပြီ(သို့မဟုတ်) ဒေါက်တာရမ်းကု တစ်ပါးကိုအောင်နိုင်ခြင်း

ဒီတော့ ကျွန်တော်လည်း တစ်ကွက်ခံလိုက်ရပြီဖြစ်လို့ ဆရာကြီး မင်းသိခ်ရေးတဲ့ ဗေဒင်ဆောင်းပါး၊ ဝတ္ထုတွေဖတ်တဲ့အပြင် ယတြာချေ ပုံတွေလည်း လေ့လာမိပါတယ်။ ဆရာကြီးမင်းသိခ်ဟာ ကျွန်တော်ရဲ့ မြင်ဆရာဖြစ်ပါတယ်။ ဒီလိုနဲ့ တစ်နေ့တော့ အသက်(၃၀)ခန့် မိန်းကလေး တစ်ဦးဟာ ၂၃ ရက်ဆက်တိုင်ဖျားပြီး သတိလစ်သွားပါတယ်။ ဒါနဲ့ ဆေးခန်းကို

သတိလစ်လျက်ကြီးရောက်လာပါတယ်။ လူနာကိုစမ်းသပ်ကြည့်တော့ ဝမ်းဗိုက်မှာ သရက်ရွက်ခေါ် ဗေလုံးကြီးနေပြီးအသည်း ကလည်း ကြီးနေတယ်။ ဒါဟာ ဦးနှောက်ထဲ ငှက်ဖျားပိုးရောက်ပြီး သတိလစ်တာဖြစ်ကြောင်းသိရလို့ ဒက်ဆာမက်သာဇုန်းခေါ် ဦးနှောက် အရောင်ချတဲ့ဆေးကို အကြောကချက်ချင်းသွင်း၊ အစာအိမ်ထဲကိုပိုက် ချပြီး ငှက်ဖျားသောက်ဆေးတွေကို အမှုန့်ကြိတ်ရေဖျော်ထည့်ရပါတယ်။ ပြီးတော့ အစွမ်းထက်ငှက်ဖျားဆေး ကွီနိုင်ထိုးဆေးကို ဒရစ်ပုလင်းထဲ ထည့်ပြီး ဖြည်းဖြည်းမှန်မှန်အကြောကသွင်းနေခဲ့ပါတယ်။ လူနာရှင် တွေက မျက်စိပျက်မျက်နှာပျက်နဲ့ လူနာဘေးမှာထိုင်နေကြပါတယ်။ အဲဒီ အချိန်မှာ လူနာ၏ မောင်ဝမ်းကွဲဆိုသူ အသက်(၂၈)နှစ်ခန့်လူငယ် တစ်ဦးရောက်လာပြီး လူနာရဲ့ဖခင်နဲ့ တိုးတိုးတိုးတိုးပြောနေပါတယ်။ ပြီးတော့ လူနာရဲ့ဖခင်က မျက်နှာပျက်သွားပြီး သတိလစ်လူနာကို ပြန်ခေါ်သွားပါရစေတော့၊ ဆက်မကုပါရစေနဲ့တော့လို့ပြောပါတယ်။ ဘာကြောင့်လဲမေးတော့ ဟိုဘက်ရွာက အကြားအမြင်ရတဲ့ဆရာက အဲဒီ လူနာက သွေးရိုးသားရိုးရောဂါမဟုတ်ဘူး။ ပြုစားခံရတာ ဖြစ်တယ်။ ပယောဂနဲ့ကုမှရမယ်ဆိုပြီး လူနာကိုခေါ်ခိုင်းလိုက်ပါတယ်။ ဒီလိုဖြစ် လာနိုင်တယ်ဆိုတာ ကျွန်တော်က ကြိုတွက်ပြီးသားပါ။ ဒါနဲ့ကျွန်တော် က ဒီလိုပြောလိုက်တယ်။

ကျွန်တော် ။ ။ ခင်ဗျားတို့ လူနာအတွက် မစိုးရိမ်နဲ့ဗျ။
လူနာ၏ ဖခင် ။ ။ ဒီလိုပါ။ ဒီရောဂါက ဆရာတို့ဆရာဝန်တွေနဲ့ မဆိုင်ဘူး။ အောက်လမ်းနည်းနဲ့လုပ်ထားတာပါ။

ကျွန်တော် ။ ။ ကျုပ်သိပြီးသားပါဗျာ။ လူနာက ပထမငှက်ဖျား ဖြစ်တာပါ။ မကောင်းဆိုးဝါးကပြုစားလိုက်တော့ ဦးနှောက်ထဲကိုငှက်ဖျား ပိုးရောက်တာမြန်သွားတာပေါ့။ မကောင်းဆိုဝါးတိုက်ထုတ်တဲ့ယတြာ ကို ကျွန်တော်လုပ်ပြီးပါပြီဗျာ။ ဟိုနားမှာ ကျွန်တော်ထွန်းထားတဲ့အမွှေး

တိုင်ကိုတွေ့တယ်မဟုတ်လား။ အဲဒါ ကျွန်တော်ယတြာချေထားတာ။

လူနာ၏ ဖခင်။ ။ (အံ့သြစွာဖြင့်)ဟုတ်လားဆရာ။ ဆရာဘယ်လို လုပ်ပြီး ယတြာချေတတ်တာလဲ။

ကျွန်တော်လွန်ခဲ့တဲ့ (၁၀)နှစ်လောက်ကတည်းက လေ့လာ ထားတာဗျာ။ ကဲပါဗျာ။ သတိလစ်လူနာကိုပြန်ခေါ်သွားရင်တော့လူနာ သေမှာပဲ။ ကဲကဲဓာရဏပရိတ်ရွတ်လိုက်ဦး။

သို့နှင့် သူတို့ပရိတ်ရွတ်ကြသည်။ နေ့ဝက်လောက်ကြာတော့ လူနာက လူးလွန့်ပြီးသတိရလာပါတယ်။ တဖြည်းဖြည်းကောင်းသွား တယ်။ ဒေါက်တာထွန်းဝင်းဟာ ယတြာချေတတ်တယ်ဆိုပြီး နာမည် ကြီးသွားပါတယ်။ ဒီလိုလုပ်လိုက်တာကတော့ ဒေါက်တာရမ်းကုရဲ့ ရွှေ့မယ့်အကွက်ကို ကြိုသိဖို့ကြိုတင်ပြင်ဆင်ထားလိုက်နိုင်ခြင်းဖြစ်ပါ တယ်။

အရည်အချင်းပြည့်ဝတဲ့ ဆရာဝန်နဲ့ အံဝင်တဲ့ဆရာဝန်နည်း နည်းတော့ ကွာခြားပါတယ်။

အရည်အချင်းပြည့်ဝတဲ့ဆရာဝန်ဆိုတာကတော့ ပြည်ပရောက် ပါရဂူဆရာဝန်ကြီးတွေပါ။ သူတို့က အသည်းအစားထိုး၊ နှလုံးအစား ထိုး၊ ကျောက်ကပ်အစားထိုးစတဲ့နည်းပညာမြင့် (HI-TECH) ကုသ ချက်တွေကို ကျွမ်းပါတယ်။

အံဝင်တဲ့ဆရာဝန်ဆိုတာကတော့ တစ်ခါက ရန်ကုန်သား ဆရာဝန်တစ်ယောက်ဟာ အညာဒေသကျေးရွာမှာ ဆေးခန်းထိုင်တော့ ညဘက်ကြီး လူနာကြည့်ရန်လာနှိုးတယ်။ ဘာဖြစ်တာလဲမေးတော့ ''ပိုးကောင်ခိုက်မိတယ်''လို့ပြောပါတယ်။ ရန်ကုန်သားဆရာဝန်ကတွေး တာက ပိုးကောင်နဲ့ခိုက်မိတာဆိုတော့ ပျားတုပ်ခံရတာ လား။ ခါချဉ် ကိုက်တာလား တစ်ခုခုပဲ။ ပျားတုပ်ခံရတာ ဆိုရင် တံတွေးဆွတ်လိုက် ပါလို့ပြောလိုက်တယ်။

လူနာကိုကြည့်မပေးတော့ဘူး။ တကယ်တော့ အညာဒေသမှာ ပိုးကောက်ခိုက်မိတယ်ဆိုတာ မြွေပွေးကိုက်တာကို ပြောတာပါ။ ရန်ကုန်သားနဲ့အညာသားဟာ မြန်မာချင်းမြန်မာလိုပြော တာတောင် အံမဝင်ဘူး။ ဒီတော့ အံဝင်သွားဖို့ အနည်းငယ်အချိန်ယူ ရပါတယ်။ မြွေပွေးကိုက်ခံရတဲ့လူနာကို ပိုးကောင်ခိုက်မိတယ်ပြောတာ ဆရာဝန်က ပျားတုပ်ခံရတယ်ထင်ပြီး မကြည့်တော့ လူနာကံကောင်းလို့ မသေတယ်။ ဆရာဝန်ကို မနည်းရှင်းပြရပါတယ်။

ဝေးလံခေါင်ဖျားတဲ့ဒေသတွေကို ဆရာဝန်စေလွှတ်တဲ့ကိစ္စမှာ ယခင်က လုပ်ဖူးတဲ့အတွေ့အကြုံ

မြန်မာပြည်မှာ သူဌေးကြီးတစ်ဦးရှိပါတယ်။ သူဌေးကြီးက သူရဲ့ဇာတိရွာကို ကျေးဇူးဆပ်တဲ့အနေနဲ့ ရန်ကုန်က ပြင်ပဆရာဝန် တစ်ဦးကို လခနဲ့ငှား ဆေးခန်းဆောက်ပေးပြီး ရွာမှာသွားနေဖို့စီစဉ် ပေးပါတယ်။ ရွာသားတွေ နေမကောင်းရင် ဆရာဝန်စစ်စစ်နဲ့ကုစေချင် တဲ့စေတနာပါ။ သုံးလလောက်လည်း ကြာရော အဲဒီ ဆရာဝန်ကရွာမှာ မနေနိုင်ဘဲ ရန်ကုန်ပြန်ရောက်လာပါတယ်။ ရန်ကုန်မြို့ကိုလွမ်းလို့ ပြန်လာတာမဟုတ်ပါဘူး။ ရွာကလူတွေက သူဌေးကြီးရဲ့ဝန်ထမ်း ဆရာဝန်နဲ့ဆေးမကု ဘဲ ရွာခံဒေါက်တာရမ်းကုနဲ့ပဲ ဆေးကုရပါတယ်။ ဆေးခန်းမှာ လူနာ မလာလို့ ဆရာဝန်က အလုပ်မရှိဘဲနဲ့တော့ သူဌေး ပေးတဲ့လခကိုမှိန်း ပြီးမယူချင်ဘူးဆိုပြီး ပြန်ရောက်လာတာပါ။

လူနာတွေက ဆရာဝန်နဲ့မကုဘဲ ဒေါက်တာရမ်းကုနဲ့ဘာ ကြောင့်ကုရတာ လဲဆိုတာ ကျွန်တော်စူစမ်းဖူးပါတယ်။

ကျွန်တော်သည် ဆရာဝန်တစ်ဦးအဖြစ် လွန်ခဲ့သော(၁၅)နှစ် လောက်က ကျေးရွာတွေမှာ ဆေးခန်းဖွင့်ဖူး၏ ပြင်ပလူနာမလာပါဘူး။ တစ်ခါတလေ တစ်ပတ်နေမှ (၂)ယောက်လောက်ပဲလာ၏။ သို့သော် ဒေါက်တာရမ်းကုတွေ မကုတတ်သော လက်ဖျံရိုးကျိုး၊ လက်မောင်း အဆစ်လွဲ၊ ညှပ်ဆွဲသားဖွား၊ မြွေကိုက်၊ ဦးနှောက်ငှက်ဖျားစသော ရောဂါများကို အတွင်းလူနာဆေးခန်းအဖြစ်

ဆေးကုပေးခဲ့ဖူး၏ ။

ထိုသို့ရွာထဲမှာနေရင်း ဖိုးအေး(နာမည်လွှဲထား)ဆိုသော ရွာသားတစ်ယောက်နဲ့ခင်မိ၏ ။ ဒါနဲ့ကျွန်တော်က ဖိုးအေးကိုမေးမိ၏ ။ ''ဖိုးအေးရေ၊ ရွာသားတွေက ဒေါက်တာရမ်းကုကို အားကိုးတယ်။ ဆရာဝန်စစ်စစ်ကို အားမကိုးဘူး။ ဘာကြောင့်လဲ''လို့မေးမိ၏ ။ ဖိုးအေး က ပြန်ဖြေသည်မှာ-''ဒီလိုပါဆရာ။ ကျွန်တော်ဒေါက်တာရမ်းကုတွေ နဲ့စကားပြောဖူးတယ်။ သူတို့ရဲ့အာဘော်ကိုသိတယ်။ ဆရာ့ကိုတိုးတိုး တိတ်တိတ်ပြောပြမယ်။ ဒါပေမဲ့ ကျွန်တော်ပြောတယ်ဆိုတော့ ပြန် မပြောရဘူးနော်''ဟုဆို၏ ။

ကျွန်တော်က ''အေးပါကွာ၊ မပြောပါဘူး''ဟုဆိုရ၏ ။

သို့သော်လည်း ၄င်းအဖြစ်အပျက်သည် (၁၅)နှစ်ခန့်ကြာခဲ့ ပြီဖြစ်၏ ။ ဖိုအေးနှင့်ဒေါက်တာရမ်းကုတို့၏ နာမည်တွေကို လွှဲထား ပြီးဖြစ်ပြီး ဖိုးအေးနှင့် ဒေါက်တာရမ်းကုတို့၏ အောက်ပါအင်တာဗျူး ကို ကျေးလက်ပြည်သူအကျိုးငှာ တင်ဆက်ပါ၏ ။

ဖိုးအေးနှင့်ဒေါက်တာရမ်းကုအင်တာဗျူး

ဆရာဦးတင်မောင် ခင်ဗျား။ ဆရာတို့လိုရွာခံဆေးဆရာနဲ့ မြို့ပေါ်ကဆေးတက္ကသိုလ်ဆင်း ဆရာဝန်တွေ ဘယ်လိုကွာပါသလဲ။

ဒေါက်တာရမ်းကု ဦးတင်မောင်
ဝ

ဒီလိုပါ။ သူတို့က ဆေးကျောင်းတွေမှာသင်ကြားခဲ့တော့ စာတွေ့ဗဟုသုတသူတို့ကသာပါတယ်။ ကျွန်တော်တို့ကတော့ ဆေး ကျောင်းလည်းမတတ်၊ စာလည်းမဖတ်ပါဘူး။ ဒါပေမဲ့ လူနာတွေကို လက်တွေ့လေ့လာချင့်ချိန်ကုသရတော့ လက်တွေ့ပညာသူတို့ထက် ပိုပါတယ်။

ဖိုးအေး

ဒါဆိုရင် လူနာကိုကုတဲ့နေရာမှာ ဘယ်လိုကွာပါသလဲ။

ဒေါက်တာရမ်းကု ဦးတင်မောင်

တိုက်နယ်ဆရာဝန်တွေဟာ ရွာတစ်ရွာမှာတစ်သက်လုံးနေမှာ မဟုတ်ဘူးလေ။ သုံးနှစ်တစ်ကြိမ်လောက် နယ်ပြောင်းနေကြတာပဲ။ ဆရာတို့ကတော့ ရွာမှာမွေး၊ ရွာမှာကြီးဆိုတော့ ထားတဲ့သံယောဇဉ် ချင်းမတူဘူး။ ကိုယ့်ကြောင့် လူနာသေရင် တစ်သက်လုံးမျက်နှာပူရ တယ်။ ဆရာဝန်တွေကတော့ မကြာခဏ နယ်ပြောင်းရတော့ ဒီပြဿနာ မရှိဘူး။ ဒါကြောင့် ဂရုစိုက်တာချင်းမတူဘူး။ သူတို့က လူနကိုတစ်ခါ စမ်းသပ်ရင် ဆရာတို့က (၂)ခါ၊ (၃)ခါ ပြန်စမ်းသပ်တယ်။

ဖိုးအေး

ရွာခံဆေးဆရာဖြစ်တဲ့အတွက် ဘယ်လိုထူးခြားမှုရှိပါသလဲ။

ဒေါက်တာရမ်းကုဦးတင်မောင်

ရွာခံဖြစ်တဲ့အတွက် ကိုယ်ရွာ၊ ကိုယ့်ဒေသတောတောင်ရေမြေ အနေအထား၊ ရာသီဥတုအခြေအနေ၊ ဖြစ် တတ်တဲ့ရောဂါများကပိုသိပါ တယ်။ ကျေးရွာမှာဖြစ်တဲ့ ရောဂါတွေအကြောင်းက ဆရာတို့ကပိုသိ ပြီး ရန်ကုန်၊ မန္တလေးမြို့ကြီးပေါ်က ရောဂါတွေအကြောင်းကိုတော့ ဆရာဝန်တွေက ပိုသိတာပေါ့။

ဖိုးအေး

ဆေးပညာဘွဲ့ရတာ နဲ့ မရတာ နဲ့ လက်တွေ့မှာ ဘယ်လိုကွာ ပါသလဲ။

ဒေါက်တာရမ်းကုဦးတင်မောင်
ှ

ဒါတွေဟာ ပညတ်တွေပါ။ နာမည်ပေးသလိုပေါ့။ မောင်ဘ လို့နာမည်ပေးရင် မောင်ဘဖြစ်သွားတာပဲ။ ဘွဲ့မရှိလို့ ပညာမတတ် ရဘူးလို့

ဘယ်သူကမှမဆိုလိုပါဘူး။ ဆရာတို့ကတော့ ကိုယ့်ပညာကို
အလုပ်နဲ့သက်သေပြမှာပဲ။

အထက်ပါစကားများကိုနားထောင်ပြီး ရွာသားများသည်
ဆရာဝန်ထံမသွားကြ။ ဒေါက်တာရမ်းကုများနှင့်သာကု၏ ။ တိုက်နယ်
ဆရာဝန်အချို့မှ အတော်ညည်းညည်းခံ၍ ခန္တီပါရမီဖြည့်တင်းနေရပါ၏ ။
ကျေးလက်ဒေသမှာ ဆရာဝန်မရှိခြင်းထက် ပိုဆိုးတဲ့အရာ ဆိုသည်မှာ

ကျေးလက်ဒေသမှာ ဆရာဝန်မရှိခြင်းထက် ပိုဆိုးတဲ့အရာဆိုသည်မှာ

တကယ်တော့ ဒေါက်တာရမ်းကုတွေရှိနေခြင်းပါပဲ။ ဒေါက်တာရမ်းကု
တွေကို လမ်းကြောင်းမှန်ပေါ်ရောက်အောင် တင်ပေးဖို့လိုပါတယ်။

ဥပမာ- ဒေါက်တာရမ်းကုတစ်ယောက်ကို ု မတတ်တ တတ်နဲ့ဆေးကုနေ
မယ့်အစား တိုင်းပြည်အကျိုးပြု တောင်သူလယ်သမားကြီးဖြစ်စေချင် တာပါ။
ဒေါက်တာရမ်းကုတွေကို လမ်းမှန်ရောက်အောင်တင်ပေးရန် အတွက်
ဒေါက်တာရမ်းကုအကြောင်းကို လေ့လာသင့်ပါတယ်။ ဒေါက်တာရမ်းကုတွေရဲ့
ခံစားချက်၊ ယုံကြည်ချက်၊ သူတို့ဘာကြောင့် တောင်သူလယ်သမားမလုပ်တာလဲ။
သူတို့ဘယ်ကနေပြီး ဆေးထိုး နည်းသင်သလဲစသဖြင့် သုတေသန (RECHARCH)
လုပ်ပြီး ဒေါက်တာရမ်းကုဆိုင်ရာ စတမ်းတစ်စောင်လောက် ပေါ်ပေါက်လာရင်
ကောင်းမှာပဲလို့ ကျွန်တော်အိပ်မက်မက်မိပါတယ်။

ဥပမာအားဖြင့်NGOတို့ ၏ မူဝါဒအကြံပေး (Policy Advi Sor) တွေ
စဉ်းစားသင့်သောအချက်တစ်ချက်

ဥပမာအားဖြင့် ဒေါက်တာရမ်းကုတွေထဲမှာ ဆယ်တန်းအောင် သူရှိရင်
သူတို့ကိုNGO က စကောလားရှစ်ပေးပြီးMBBS သင်တန်း ကို စေလွှတ်မလားဆိုတာ
PolicyAdvisor တွေ စိတ်ကူးယဉ်သင့် ပါတယ်။
သူတို့မှာလည်းဉာဏ်ရှိလို့ဆရာဝန်ဖြစ်နိုင်ပါတယ်။ ကြိုးစားရင်

ဘုရားဖြစ်တယ်ဆိုတဲ့ စကားပုံတောင်ရှိသေးတာပဲ။ သူတို့ က ကျေးရွာတွေမှာ တစ်သက်လုံးနေမယ့်ပုဂ္ဂိုလ်တွေပါ။ ဒေါက်တာ ရမ်းကုတွေMBBSဘွဲ့နဲ့(ဆမ)ရသွားရင် ကျေးရွာတွေကို ကျောခိုင်း ပြီး မြို့ကြီးပြကြီးမှာ အသပြာဆရာဝန်လုပ်မှာလားဆိုတဲ့ ကိစ္စကတော့ စိုးရိမ်စရာမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ရန်ကုန်မြို့မှာ ပုဂ္ဂလိက ဆေးခန်းဖွင့်မယ်ဆိုရင် မြေညီထပ်ဆိုင်ငှားခက တစ်လကို (၆)သိန်း ဆိုတော့ ကျွန်တော် ဒေါက်တာထွန်းဝင်းတောင် မတတ်နိုင်လို့ အရင်း နည်းနည်းနဲ့တစ်ချောင်းကို နှစ်ရာကျပ်တန်ဘောပင်တစ်ချောင်းဝယ်ပြီး ဆောင်းပါးရေးစားနေပါတယ်။

ဒီဆောင်းပါးမှာ ရေးလက်စနဲ့တစ်ဆက်တည်း တောင်သူကြီး တွေကို အကြံပြုပါရစေ။ တကယ်လို့များ ပြည်ပရောက် မြန်မာဆရာဝန် များ ကျေးလက်ဒေသမှာ လာရောက်ဆေးကုခဲ့ရင် ဒီနေ့ဟာ ပြဿဒါး နေ့ဖြစ်လို့ ဆေးမကုဘူးဆိုတာမျိုး မဖြစ်စေချင်ပါဘူး။ ငါးပါးသီလ လုံသူတွေအတွက် နေ့တိုင်းရက်ရာဇာဖြစ်ပါတယ်။ ဆရာဝန်နဲ့ နက္ခတ် နဲ့ လူနာနဲ့ နက္ခတ်မတည့်လို့ဖြစ်ပေါ့မလားဆိုပြီး သံသယမဖြစ်စေချင် ပါဘူး။ ပုဗ္ဗဏှသုတ်မှာ မြတ်စွာဘုရားက ဒီလိုဟောပါတယ်။ ''သုနက္ခတ္တံ၊ သုမင်္ဂလံ၊ သုပ္ပဘာတံသုဟုဋ္ဌိ တံ၊ သုခဏော၊ သုမုဟု တ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု''ဆိုလိုတာကတော့ ကောင်းမြတ်သော အကျင့်ကို ကျင့်သူများအဖို့ အစဉ်အမြဲနက္ခတ်ကောင်းလာပါပြီး အရာရာ တိုင်း ကျက်သရေမင်္ဂလာရှိပါတယ်။

ဟုတ်ကဲ့ခင်ဗျာ။ ဟုတ်ကဲ့။ ဟုတ်ကဲ့။ ကျေးလက်ဒေသ ကျန်းမာရေးဖွံ့ဖြိုးပါစေလို့ ဆုတောင်းရင်းနဲ့ ဤဆောင်းပါးကို နိဂုံး ချုပ်ပါရစေလား။

## ၃။ (၃၈)ဖြာ မင်္ဂလာတရားနှင့် စစ်ရေးအမြင် ဆက်စပ်ပုံ

မင်္ဂလာသုတ်၌ မြတ်စွာဘုရားဟောတော်မူသည်ကို ကောက်နှုတ်ရပါသော်။

ဗာဟုသစ္စဉ္စ၊ သိပ္ပဉ္စ
မင်္ဂလမုတ္တမံ

အကြောင်းအမြင် ဗဟုသုတများခြင်း၊ သိပ္ပံအတတ်ကို တတ်ကျွမ်းခြင်းတို့ဟာ မင်္ဂလာဖြစ်တယ်လို့ဆိုပါတယ်။ ဒီတော့ အမြင်ဟု ဆိုရာ၌ ပညာရေးဆိုင်ရာ အမြင်၊ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင် စသည်ဖြင့် အမြင်တွေအမျိုးမျိုးရှိရာ၌ ဤဆောင်းပါး၌ စစ်ရေးအမြင် အကြောင်းကို တင်ပြဆွေးနွေးလိုပါတယ်။ ဒါမှလည်း မင်္ဂလာရှိမယ် မဟုတ်လား။ စစ်ရေးအမြင်ဆိုင်ရာ ဥပမာ အချို့ကိုတင်ပြရပါစေ။

စာရေးဆရာကြီး ဒေါက်တာခင်မောင်ညို၏ စစ်ရေးအမြင်

ယခုအခါ ၂၀၁၃ ၌ မြောက်ကိုရီးယားနဲ့ တောင်ကိုရီးယား တို့ စစ်ရေးတင်းမာမှုတွေ အထူးဖြစ်ပေါ်နေပါတယ်။ မြောက်ကိုရီးယား ကလည်း သာမန်နိုင်ငံမဟုတ်တော့ပါ။ အနုမြူလက်နက်ပိုင်ဆိုင်တဲ့ နိုင်ငံဖြစ်နေပြီ။ မြောက်ကိုရီးယားဟာ စစ်တိုက်ရန်လေသံတွေ ပြစ် လာပါတယ်။ မြောက်ကိုရီးယား ရန်လိုနေတဲ့အထဲမှာ ကမ္ဘာ့နံပါတ်တစ် စူပါပါဝါအနုမြူအင်အားကြီး ထိပ်ခေါင်တင် အမေရိကန်တောင်မှ ရန်လိုနေပါတယ်။ ဒီတော့ ဒေါက်တာခင်မောင်ညိုက အနုမြူစစ်သား ဖြစ်လို့ကတော့ မြောက်ကိုရီးယားလည်းမလွယ်၊ တောင်ကိုရီးယား လည်းမလွယ်၊ အထူးနစ်နာဆုံးရှုံးမှုတွေဖြစ်ကုန်တော့မယ်ဆိုတာ ဆောင်းပါးရေးတာ ဖတ်ရပါတယ်။ News Watch ဂျာနယ် (၁၆၊၄၊၂၀၁၃) မှာ ဒေါက်တာခင်မောင်ညို၏ ဆောင်းပါးအရ အနုမြူစစ်ဖြစ်ရင် နှစ် ဖက်လုံးဆုံးရှုံးမယ်

(Lose-Lose) ဖြစ်မယ်လို့သူကမြင်ပါတယ်။

စာရေးဆရာကြီးလူထုစိန်ဝင်း၏ စစ်ရေးခံယူချက်

အမေရိကန်သမ္မတ အိုဘားမား၏ ပထမသမ္မတသက်တမ်း တုန်းက ဖြစ်ပါတယ်။ အရှေ့အလယ်ပိုင်းဒေသတစ်ခုမှာ အမေရိကန် လေယာဉ်တွေဗုံးကျဲလို့ ကလေးစာသင်ကျောင်းကို ထိမှန်ပြီး ကလေး တွေ အတော်များများ သေကုန်ပါတယ်။ ဒါကို လူထုစိန်ဝင်းက တော် တော်ကြီးကို စိတ်မကောင်းဖြစ်ပြီး အိုဘားမားမကောင်းကြောင်း ဆောင်းပါးရေးခဲ့ပါတယ်။ လူထုစိန်ဝင်းရဲ့စစ်ရေးအမြင်ကတော့ စစ်တိုက်ရာမှာ ဘယ်အခါမဆို အရပ်သားကလေး၊ အမျိုးသမီးတွေကို အသေ အပျောက်နည်းအောင် ထိန်းသိမ်းရမယ်လို့ အမြင်ရှိပါတယ်။

တရုတ်ပညာရှိလောင်ဇူး၊ မြန်မာပညာရှိအမတ်ကြီးဝန်ဇင်းဖိုး ရာဇာနှင့် ထိုင်နိုင်ငံတို့၏ တူညီသောစစ်ရေးအမြင်

တရုတ်ပညာရှိ လောင်ဇူးက မိန့်ကြားခဲ့ဖူးတာကတော့ တစ်ခါတစ်ရံမှာ ဘာမှမလုပ်ဘဲ ငုတ်တုတ်ထိုင်နေရင်းနဲ့ အောင်မြင်မှု ကို ရနိုင်တယ်ဆိုတဲ့ ဒဿနကိုဖွင့်ဆိုခဲ့ပါတယ်။ အဲဒီ ဒဿနကို လက်တွေ့အသုံးချပြသူတစ်ဦးကတော့ မြန်မာရာဇဝင်မှာ မင်းကြီးစွာစော်ကဲ လက်ထက်က ပညာရှိအမတ်ကြီး ဝန်းဇင်းဖိုးရာဇာပဲဖြစ်ပါတယ်။

အင်းဝဘုရင်မင်းကြီးစွာစော်ကဲလက်ထက် သက္ကရာဇ် ၇၃၂ ခုနှစ်တွင် ကလေးနယ်စားသိုချည်ဘွားနှင့် မိုးညှင်းနယ်စားခံမှိုင်းတို့ စစ်တိုက်ကြပါတယ်။ ကလေးနယ်စားနဲ့ မိုးညှင်းနယ်စားတို့ နှစ်ဦး စလုံးက အင်းဝဘုရင်ထံ စစ်တူကောင်းပါတယ်။ ဤကိစ္စနှင့်စပ်လျဉ်း၍ မည်သည့်ဘက်ကို ကူညီရန်သင့်ကြောင်း၊ မင်းတရားကြီးက ပညာရှိ အမတ်ကြီး ဝန်ဇင်းဖိုးရာဇာကို တိုင်ပင်ပါတယ်။ ဝန်ဇင်းဖိုးရာဇာက ယာလည်းညက်စေ၊

ကြက်လည်းမောစေဆိုသော ဒသနကိုရှင်းပြပါ တယ်။ တစ်ခါတုန်းက ယာသမားတစ်ဦး ယာထွန်နေစဉ်မှာ ယာဘေး မှာ တောကြက်နှစ်ကောင်ခွပ်နေပါတယ်။ ဒီတော့ ယာသမားက မိမိ ယာကိုသာ ဆက်ထွန်နေပါတယ်။ ယာညက်သွားတော့ တောကြက် နှစ်ကောင်လုံး အမောဆို့နေလို့မပြေးနိုင်တော့မှ ကြက်နှစ်ကောင်လုံး ကို ဖမ်းလိုက်ပါတယ်ဆိုတဲ့ ဒသနကိုရှင်းပြပါတယ်။ ဒီတော့ အင်း၀ ဘုရင်က ဘယ်ဘက်ကမှမကူညီပါဘူး။ ကလေးနယ်ရော မိုးညှင်း နယ်ရော စစ်ပန်းသွားပြီး စစ်မတိုက်နိုင်တော့တဲ့အခါမှ နယ်နှစ်ခုလုံး ကို အင်း၀က အလွယ်တကူသိမ်းယူလိုက်ပါတယ်။

ဗြိတိသျှကိုလိုနီခေတ်မှာ အင်္ဂလိပ်က အာရှရဲ့အနောက်ဘက် တစ်လွှားမှာ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာစတဲ့ နိုင်ငံတွေကို ကိုလိုနီအဖြစ်သိမ်းထားပါတယ်။ တစ်ချိန်ထဲမှာပဲ အရှေ့ဘက်မှာ ကမ်းပူချား၊ ဗီယက်နမ်၊ လာအိုတို့ကို ပြင်သစ်က ကိုလိုနီပြုထားပါ တယ်။ အသိမ်းမခံရသေးတဲ့နိုင်ငံကတော့ ထိုင်းနိုင်ငံဖြစ်ပါတယ်။ ထိုင်းနိုင်ငံရဲ့အနောက်ဘက်ကိုကြည့်ရင် မြန်မာနိုင်ငံမှာ အခြေစိုက်ထား တဲ့ ဗြိတိသျှစစ်တပ်ကိုတွေ့ရမှာဖြစ်ပြီး ထိုင်းနိုင်ငံရဲ့အရှေ့ဘက်ကို မျှော်ကြည့်ရင် လာအိုနဲ့ကမ်းပူးချားမှာ အခြေစိုက်ထားတဲ့ ပြင်သစ် တပ်ကြီးကိုတွေ့ရမှာဖြစ်ပါတယ်။ အင်အားသေးတဲ့ ထိုင်းနိုင်ငံအဖို့ ကျောချမ်းစရာပါ။ ဒီတော့ ထိုင်းနိုင်ငံဟာ လိမ္မာပါးနပ်စွာနေထိုင်ပါ တယ်။ အင်္ဂလိပ်နဲ့မဟာမိတ်လည်းမဟုတ်၊ ရန်သူလည်းမဟုတ်တဲ့ ဆက်ဆံရေးလမ်းကြောင်းငယ်လေး တည်ဆောက်ထားပါတယ်။ အခြားတစ်ဖက်မှာလည်း ပြင်သစ်နဲ့ မဟာမိတ်လည်းမဟုတ် ရန်သူ လည်းမဟုတ်တဲ့ ဆက်ဆံရေး လမ်းကြောင်းလေးတည်ဆောက် ထားပါ တယ်။ အင်္ဂလိပ်က ကျူးကျော်လာရင် ပြင်သစ်နဲ့မဟာမိတ်ပြု ရန် စီစဉ်ထားပြီး ပြင်သစ်က ကျူးကျော်လာရင် အင်္ဂလိပ်နဲ့မဟာမိတ် ပြုရန် စီစဉ်ထားတယ်။ ဒီတော့

အင်္ဂလိပ်ကလည်း ထိုင်းကိုကျူးကျော် လိုက်ပါက မြန်မာနိုင်ငံက သီပေါဘုရင်ကို ကျူးကျော်သလောက် မလွယ်ဘူးဆိုတာ ရိပ်မိသလို ပြင်သစ်ကလည်း ထိုင်းကိုကျူးကျော် ချင်ရင် လာအိုနဲ့ကမ်းပူးခြားတို့ကို ကျူးကျော်သလောက် မလွယ်ဘူး ဆိုတာရိပ်မိတယ်။ ထိုင်းနိုင်ငံဟာ မိမိစစ်အင်အားကို ထုတ်သုံးစရာ မလိုဘဲ စစ်အင်အားကြီးနိုင်ငံနှစ်ခုကို ခေါင်းချင်းဆိုင်ပေးထားပါတယ်။

အင်္ဂလိပ်နဲ့ပြင်သစ်ကလည်း လူပါးတွေဖြစ်ပါတယ်။ အင်အားကြီး တွေ အချင်းချင်းပြဿနာမတတ်အောင် လက်ရှောင်ပါတယ်။ ဒီတော့ ထိုင်းနိုင်ငံဟာ အင်္ဂလိပ်လက်အောက်လည်းမရောက်၊ ပြင်သစ်လက် အောက်လည်းမရောက်ဘဲ ထိုင်းဘုရင်မင်းဆက်ဟာ ယနေ့အထိတည် မြဲနေရပါတယ်။ အဲဒါကတော့ ထိုင်းနိုင်ငံရဲ့ စစ်ရေးအမြင်ပါ။

မိတ်ဆွေတို့၏ ယုံကြည်ကိုးစားရမှုစစ်ရေးအမြင်

အီရတ်သမ္မတ ဆဒမ်ဟူစိန်လက်ထက်က ဆဒမ်ဟူစိန်နဲ့ အမေရိကန်သမ္မတ ဘုရှ်(အကြီး)တို့ တော်တော်မတည့်ပါဘူး။ ဆဒမ် ဟူစိန်ကို ကာဒ်လူမျိုးစုတို့ ကလန်ကဆန်လုပ်ရန် ဘုရှ်ကစေ့ဆော်ပေး တယ်။ တကယ်လို့ ဆဒမ်ဟူစိန်က ကာဒ်လူမျိုးစုကို အင်အားသုံး နှိမ်နင်းရင်း အမေရိကန်က လာကယ်မှာပဲလို့ထင်မိလို့ ဆဒမ်ဟူစိန် ကို ကလန်ကဆန်လုပ်မိပါတယ်။ ဆဒမ်က ရက်ရက်စက်စက်နှိမ်နင်း တော့ အမေရိကန်က ထိထိရောက်ရောက်လာမကယ်ပါဘူး။ ကာဒ် လူမျိုးတွေ အမေရိကန်ကို အားကိုးမိလို့ တော်တော်ခံလိုက်ရတယ်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကတော့ မိတ်ဆွေကိုယုံ ပြီး ပုံမထားပါဘူး။ အီရန်ကအစ္စရေးကို ကမ္ဘာမြေပုံပေါ်ကဖျောက် ပစ်မယ်ပြောပြီးတော့ အနုမြူစွမ်းအင်တည်ဆောက်တဲ့ မသင်္ကာစရာ တွေလုပ်နေပါတယ်။ အစ္စရေးက အီရန်ကို အနုမြူဗုံးပိုင်ခွင့်မပေးနိုင် ဘူး။ လက်ဦးအောင် အီရန်ကိုတိုက်ချင်ပါတယ်။ အစ္စရေးရဲ့မိတ်ဆွေ ကြီး အမေရိကန်က ဒီလိုလုပ်ဖို့ မီးစိမ်းမပြဘူး။

ဒီတော့ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ပြောတာက ကျုပ်တို့အမိနိုင်ငံရဲ့ ကံကြမ္မာကို မိတ်ဆွေနိုင်ငံတွေရဲ့လက်ထဲမှာ ဝကွက်အပ်မထားပါဘူးလို့ ဆိုပါတယ်။ လိုအပ်ရင် အမေရိကန်သဘောတူ သည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ကိုယ်တိုင်တိုက်မှာပါ။ အဲဒါကတော့ မိမိနိုင်ငံကို မိမိပဲကာကွယ်ရမယ်ဆိုတဲ့ အစ္စရေးရဲ့စစ်ရေးအမြင်ဖြစ်ပါတယ်။

ပြည်သူတို့စစ်ရေးအမြင်၏ သြဇာ

၁၉၆၀ ပြည့်နှစ်လွန်နှစ်များက အမေရိကန်နှင့် သမ္မတရွေးပွဲ မှာ သမ္မတလောင်းမစ္စတာဂိုးဝါးတား (Gold WATER) နဲ့ သမ္မတ လောင်း လင်ဒွန်ဂျွန်ဆင်တို့ ယှဉ်ပြိုင်ရာမှာ ဂိုးဝါးတားက ဆိုဗီယက်၊ တရုတ်ကွန်မြူနစ်နိုင်ငံတွေကို လိုအပ်ရင် အနုမြူဗုံးနဲ့တိုက်မယ်ဆိုပြီး မဲဆွယ်စည်းရုံးပါတယ်။ လင်ဒွန်ဂျွန်ဆင်က ဂိုးဝါးတားနဲ့စာရင်စစ် မလိုလားပါဘူး။ ထိုစဉ်က အမေရိကန်ပြည်သူအများစုရဲ့ စစ်ရေးအမြင် က အနုမြူစစ်ပွဲကို အကျိုးရှိမယ်လို့မမြင်ဘူး။ ဒါကြောင့် ဂိုးဝါးတား ကို မဲဆန္ဒမပေးလို့ သမ္မတဖြစ်သွားပါတယ်။ အဲဒါကတော့ ပြည်သူတို့ ၏ စစ်ရေးအမြင်ရဲ့သြဇာပါ။ ဒီမိုကရေစီနိုင်ငံတွေမှာ ပြည်သူတွေဟာ စစ်ရေးအမြင်ရှိသင့်ပါတယ်။ တကယ်လို့ ပြည်သူအချို့က စစ်ရေး ဘာသာရပ်ကို စိတ်မဝင်စားလျှင်တောင်မှ နိုင်ငံရေးသမား (Politician) တွေက စစ်ရေးအမြင်ရှိသင့်တယ်လို့ဆိုချင်ပါကြောင်း။

## ၄။ ဓဇဂ္ဂသုတ်မှရသော အသိပညာ

ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်းဆိုတဲ့ဒဿနက ယခုခေတ်မှာလူပြောသူပြော နည်းနည်းများလာပါတယ်။ ကျွန်တော်တို့မြန်မာ နိုင်ငံမှာ ဒီမိုကရေစီလမ်းစဉ်ကို ထူထောင်ခြင်းနဲ့အတူ အုပ်ချုပ်သူတို့ရဲ့ တစ်ဆင့်ချင်းဖြေလျှော့မှုတွေကို တွေ့ရပါတယ်။ စာပေနယ်ပယ်မှာ နည်းနည်းပဲရေးရဲရာကနေ များများရေးရဲလာပါတယ်။ တချို့ကလည်း လူတွေကိုမကြောက်ပါနဲ့၊ ရဲရဲတွေး၊ ရဲရဲရေးပါဆိုပြီး အားပေးလာကြ ပါတယ်။ ဒါပေမယ့် ပုထုဇဉ်လူသားဆိုတာကလည်း ကြောက်စိတ် ဆိုတာ အတိုင်းအတာတစ်ခုအထိရှိပါတယ်။ အာဇာနည်အဆင့်သူရဲ ကောင်းတွေအတွက် သတ္တိဆိုတာမဆန်းပါဘူး။ ဒါပေမယ့် သာမန် ပြည်သူ၊ သာမန်နိုင်ငံအားအားလုံးကတော့ အာဇာနည်လောက်သတ္တိ ရှိရန်မလွယ်ပါ။ သို့သော် လွယ်အောင်လုပ်တဲ့နည်းရှိပါတယ်။ သို့ပါ၍ သာမန်နိုင်ငံသားတစ်ယောက်အနေဖြင့် အကြောက်တရားမှကင်းဝေး အောင်နေထိုင်ခြင်းဆိုတဲ့ ဆောင်းပါးကိုတင်ဆက်ပါတယ်။

တစ်ချိန်တုန်းက နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုရေးတဲ့ ''အာဇာနည်'' လို့ အမည်ရတဲ့ လုံးချင်းစာအုပ်ကိုဖတ်ဖူးပါတယ်။ သမိုင်းအဆက် ဆက်မှာ အသက်စွန့်ရဲတဲ့ အာဇာနည်တွေအကြောင်း ရေးထားတာပါ။ အာဇာနည်တွေကို လေးစားစရာပါ။ ဒုတိယကမ္ဘာစစ်တုန်းက ဂျပန် လေသူရဲတွေဟာ လေယာဉ်ပေါ်မှာ ဗုံးတွေအပြည့်တင်ပြီး ရန်သူရဲ့ ဧရာမသင်္ဘောကြီးရဲ့ ခေါင်းတိုင်ထဲကို လေယာဉ်ရော၊ လူရော၊ ဗုံးရော ထိုးစိုက်ပြီး သင်္ဘောကြီးတွေကို အသေခံဖျက်ဆီးဖူးတယ်။ အဲဒါမျိုး ကတော့ မကြောက်တတ်တဲ့ သူရဲကောင်းတွေပါ။

ဒါပေမယ့် လူတိုင်း လူတိုင်း သာမန်နိုင်ငံသားတိုင်းကတော့ ထိုကဲ့သို့ သတ္တိရှိရန်မလွယ်ဘူးဆိုတာ ဥပမာပြရရင် ကျွန်တော့်ကိုယ် ကျွန်တော်ပဲ

ဥပမာပေးပါတော့မယ်။ ဘာကြောင့်လဲဆိုတော့ သူများကို သွားပြီး ကြောက်တတ်တာကို ဥပမာပေးမိရင် အသရေဖျက်မှုနဲ့တရားစွဲ ခံရမှာကိုလည်း ကြောက်မိပြန်တယ်။ ဒီတော့ မိမိကိုယ်ကို ဥပမာပေ ရရင် ကျွန်တော့်ကို တစ်စုံတစ်ယောက်ကပြောမယ်ဆိုပါတော့။ သေနတ် ဆိုတာ မိုးပေါ်ထောင်မပစ်ဘူး၊ တည့်တည့်ပဲပစ်တတ်တယ်လို့ပြောရင် ကျွန်တော်တော့ ကြောက်ပါတယ်။ ဒီလိုရေးလို့ ကျွန်တော်ကိုအထင် သေးသူတွေရှိမယ်။ ဒါပေမယ့် အဲဒီ လို ကြောက်တတ်တယ်လို့ဝန်ခံ တာဟာလည်း သတ္တိမဟုတ်ဘူးလား။ သာမန်နိုင်ငံသားတစ်ယောက်ရဲ့ သတ္တိဥပမာပါ။ အသက်အသေခံစရာမလိုပါဘူး။

အာဇာနည်ဆိုတာရှားပါတယ်။ လူနည်းစုပါ။ လူအများစု ကတော့ အနည်းနဲ့အများ ကြက်သီးမွေးညင်းထဖူးမှာပါ။ ဒီတော့ လူအများစုဟာ ကြောက်နေလို့မပြီးဘဲ သတ္တိမွေးပြီး တိုင်းပြည်ထူထောင် ရာမှာ ပါဝင်မှ တိုင်းပြည်တိုးတက်မှာဖြစ်လို့ မကြောက်တရားကိုရေး ရမယ်ဆိုရင်တော့ ပရိတ်ကြီး ၁၁ သုတ်က ဓဇဂ္ဂသုတ်မြန်မာပြည် မှာ ရေးသားချက်အရ သိရတာ ကတော့ သိကြားမင်းက နတ်တွေကို မကြောက်တရားဟောဖူးတယ်။ သိကြားမင်းက အသူရာနတ်မင်းနဲ့ စစ်တိုက်တော့ နတ်စစ်သည်တို့ မကြောက်အောင် ဒီလိုပြောတယ်။

''အိုနတ်များတို့ ဒီတိုက်ပွဲမှာကြောက်ရွံ့ထိတ်လန့်တုန်လှုပ် နေကြရင် ငါကိုင်ထားတဲ့အလံကို လှမ်းကြည့်ပါ။ ငါမကျဆုံးသေးဘဲ အောင်လံတဝင့်ဝင့်နဲ့ တိုက်ပွဲဝင်နေတာတွေ့ရင် သင်တို့အကြောက် ပြေသွားပါလိမ့်မယ်''လို့ ဟောပါတယ်။

ဥပမာ ဘီစီ ၃၀၀၀ လောက်က ဂရိဘုရင်မဟာအလက်ဇန်းဒါး ဟာ စစ်တိုက်ရင် အောင်လံဝင့်ဝင့်နဲ့ ရှေ့ကနေပြီး ဦးဆောင်တိုက် တော့ နောက်လိုက်စစ်သည်တွေ အားရှိသလိုမျိုးဖြစ်ပါသည်။ ထို့ပြင် သိကြားမင်းက ဆက်ပြောတာက ''ငါ၏ နောက်က နေ၍ စစ်တိုက်နေသော နတ်မင်းကြီး(၃)ပါး

ကိုင်ထားတဲ့အလံကို လှမ်း ကြည့်ပါ၊ အကြောက်ပြေသွားပါမယ်''လို့ဆိုပါတယ်။

သို့သော် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူတာက တော့ သိကြားမင်းရဲ့တိုက်ပွဲဝင်အလံကို လှမ်းကြည့်ရုံနဲ့ကြောက်စိတ် ပျောက်မပျောက် မသေချာပါ။ ဘာကြောင့်လဲဆိုတော့ သိကြားမင်း ကိုယ်တိုင်က ရာဂ၊ ဒေါသ၊ မောဟ မကင်းသေးတော့ ကြောက်တတ် တယ်၊ လန့်တတ်တယ်၊ ကြောက်ပြီး ထွက်ပြေးတတ်ပါတယ်။

ဘုရားကတော့ ရဟန်းတွေ သစ်တစ်ပင်ဝါးတစ်ပင်အောက် မှာ ကြောက်စိတ်တွေပေါ်ရင် ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော် ခြောက်ပါး၊ သံဃာ့ဂုဏ်တော်ကိုးပါးကို အကြိမ်ကြိမ် သတိရရင် ကြောက်ရွံ့မှုတွေ ပပျောက်သွားပါလိမ့်မယ်လို့ ဆိုပါတယ်။ ဘုရား ကတော့ မကြောက်တတ်ဘူး။ ထွက်မပြေးပါဘူးမဟုတ်လား။

ဆုံတွေ့ရသောအခါ မတုန်လှုပ်သင့်သော ဘုရားဟောတရား ရှစ်ပါး

မြတ်စွာဘုရားကတော့ လောကဓံတရားရှစ်ပါးကိုဟောကြား ရာမှာ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ အခြွေအရံ နည်းခြင်း၊ အခြွေအရံများခြင်း၊ လာဘ်ရခြင်း၊ လာဘ်မရခြင်းရယ်လို့ ရှစ်ပါးရှိပါတယ်။ ဒါတွေကို ရင်ဆိုင်ရတဲ့အခါ မတုန်လှုပ်သင့်ပါဘူး။

မြတ်စွာဘုရားဟောတဲ့ ကြောက်သင့်တဲ့အရာ

ဘုရားက ဟီရိဩတ္တပ္ပဆိုတဲ့ စကားကိုဟောခဲ့ပါတယ်။ ဟီရိ ဆိုတာက မကောင်းမှုလုပ်ရမှာကို ရှက်ခြင်း၊ ဩတ္တပ္ပဆိုတာက မကောင်းမှုလုပ်ရမှာကို ကြောက်ခြင်းဖြစ်ပါတယ်။

သာမန်နိုင်ငံသားတစ်ဦးရဲ့မကြောက်တရားဥပမာ

ကျွန်တော့်မှာ သူငယ်ချင်းတစ်ဦးရှိပါတယ်။ သူ့ရဲ့နာမည်က

မောင်တင်မောင်(နာမည်လွှဲ)ဆိုပါစို့။ မောင်တင်မောင်တို့ တက္ကသိုလ်ကျောင်းသားဘဝတုန်းက ၁၉၇၀ ပြည့်နှစ်လွန်တွေမှာ ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကပါ။ အဲဒီ တုန်းက ဦးသန့်ဈာပနာအရေးအခင်း၊ မှိုင်းရာပြည့်အရေးအခင်း စသဖြင့် အစိုးရနဲ့ထိပ်တိုက်တွေ့ရတဲ့အရေး အခင်းတွေမှာ မောင်တင်မောင်ဟာ ပါဝင်ဆင်နွှဲခြင်းမရှိပါဘူး။

ဘာကြောင့်လဲဆိုတာ ကြောက်တတ်တယ်လို့ဆိုပါတယ်။ ဒီတော့ အပေါ်ယံကြောကြည့်ရင် သူ့ကိုအထင်သေးစရာပါ။ ဒါပေမယ့် သူက နောင်အခါ လူလတ်ပိုင်းရောက်လာတော့ ကုန်ဈေးနှုန်းတွေက တစ်စ တစ်စမြင့်မားလာချိန်မှာ အကျင့်ပျက်ခြစားဘူး။ ဒီတော့ ဆင်းရဲတဲ့ လောကဓံကို မကြောက်ဖူးပေ့ါ။ အလုပ်လုပ်တဲ့အခါမှာ အဂတိမလိုက် စားဘူး။ ဒီတော့ လာဘ်မရဘူး။ လာဘ်မရခြင်းဆိုတဲ့ လောကဓံကို မကြောက်ဘူးပေ့ါ။ အလုပ်လုပ်တဲ့အခါ အထက်ဖားအောက်ဖိမလုပ် ဘူး။ မိမိရာထူးတက်ရေးအတွက် သူများကိုတံတောင်နဲ့မတွက်ဘူး။ ဒီတော့ ရာထူးကြီးကြီးမရမှာ မကြောက်ဘူး။ ဒီတော့ အချွေအရံနည်း ခြင်းဆိုတဲ့ လောကဓံကို မကြောက်ဘူး၊ ဆင်းဆင်းရဲရဲနေရတဲ့အခါ အနှိမ်ခံရမှာကိုမကြောက်ဘူး။ ဒီတော့ ကဲ့ရဲ့ခြင်းဆိုတဲ့ လောကဓံကို သူမကြောက်ဘူး။

ဒီတော့ သူက သတ္တိရှိနေပြန်ရောလား။ အဲဒါက သာမန်နိုင်ငံသားတစ်ယောက်ရဲ့သတ္တိပါ။

အမှန်တကယ်ကြောက်တတ်တဲ့သူ စစ်စစ်တွေကြောင့်ခက်တယ် အမှန်တကယ် ကြောက်တတ်တဲ့သူ စစ်စစ်ဆိုတာ ဥပမာ ပြောရရင် သေနတ်ဆိုတာ မိုးပေါ်တောင်မပစ်ဖူး။ တည့်တည့်ပဲပစ် တတ်ဆိုရင် ကြက်သီးထသွားသူဟာ အမှန်တကယ် ကြောက်တတ်သူ စစ်စစ်မဟုတ်ပါဘူး။

ဆင်းရဲရမှာကြောင့်လို့ အကျင့်ပျက်ခြစားမိသူဟာ အမှန်တကယ် ကြောက်တတ်သူစစ်စစ်ပါ။ အခြွေအရံနည်းမှာစိုးလို့ ရာထူးတတ်ချင် ဇောနဲ့

မိမိရဲ့လုပ်ဖော်ကိုင်ဖက်ကို တံတောင်နဲ့တွက်တဲ့သူဟာ သူ့ရဲ့ ဘောကြောင်သူ စစ်စစ်ပါ။ သူ့ရဲ့ဘောကြောင်သူတွေ များနေရင်း တိုင်းပြည်ဟာ ဘယ်လိုမှ မတိုးတက်နိုင်ပါဘူး။

ဘကြီးသခင်ကိုယ်တော်မှိုင်း၏ ငြင်းရဲတဲ့သတ္တိ

ဘကြီး သခင်ကိုယ်တော်မှိုင်းဟာ စီးပွားရေးအရ သိပ်ပြီး ပြေပြေလည်လည်မရှိဖြစ်နေချိန်မှာ ဗြိတိန်က ဝေလမင်းသားက မြန်မာ ပြည်ကိုရောက်လာပြီး ဗြိတိသျှရဲ့ဘုန်းတော်ဘွဲ့ကို ကဗျာစပ်ပေးရင် ဥဏ်ပူဇော်ခ အသပြာတစ်ထောင်ပေးမယ်လို့ ကမ်းလှမ်းတယ်။ အင်္ဂလိပ် ခေတ်က ရွှေတစ်ကျပ်သား ၂၅ ကျပ် လောက်ရှိတဲ့ အချိန်မှာ သခင် ကိုယ်တော်မှိုင်းဟာ ကျပ် တစ်ထောင်ကို ငြင်းပယ်ပြီး မြန်မာနိုင်ငံကို ကျွန်ပြုတဲ့ ဗြိတိသျှတို့ ဘုန်းတော်ဘွဲ့ကို ကဗျာစပ်ရန် ငြင်းပယ်ပါတယ်။ အဲဒါကတော့ လာဘ်လာဘကို ငြင်းရဲတဲ့သတ္တိပဲဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ အာဏာနည်တွေက အသက်စွန့်ပြီး အများအကျိုး ထမ်းရွက်ချိန်မှာ သာမန်နိုင်ငံသားတွေက အကျင့်ပျက်ခြစားပြီး သူ့ရဲ့ ဘောကြောင်ပြနေရင် အာဏာနည်တို့ရဲ့ လုပ်ရပ်ဟာ မထိရောက်နိုင်ပါ။

သာမန် နိုင်ငံသားတစ်ယောက်ဟာလည်း သူ့အတိုင်းအတာ နဲ့ သူ့သတ္တိဆိုတာလိုပါတယ်။ သာမန်နိုင်ငံသားတွေလည်း သတ္တိရှိမှ နိုင်ငံတော်ကြီးဖွံ့ဖြိုးမယ်လို့ ဆိုချင်ပါကြောင်း . . .။